#သာသနာပြုစိန့်ပေါလ်ရဟန်းဘရာသာရ်များအသင်းဂိုဏ်း

(၁)နောက်ခံသမိုင်း

#လားရှိုးဂိုဏ်းအုပ်သာသနာတွင်စလေးရှင်းအသင်းဂိုဏ်း၏သာသနာပြုလုပ်ငန်း

၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလတွင် ပုပ်ရဟန်းမင်းကြီးကိုယ်စားလှယ်တော်ရုံးမှ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးတိုက်နယ်ကို သာသနာစီရင်စုနယ်မြေအဖြစ်သတ်မှတ်ပြီး သာသနာပြုလုပ်ငန်းလုပ်ရန် စလေးရှင်းအသင်းဂိုဏ်းအားအပ်နှင်းခဲ့သည်။ ပထမဦးဆုံးတမန်တော်လုပ်ငန်းအကြီးအကဲအဖြစ် စလေးရှင်းအသင်းဂိုဏ်းမှ Msgr. Jocelyn Madden, SDB အားကိုယ်စားလှယ်တော်အဖြစ် ခန့်အပ်ခဲ့သည်။ Msgr. Jocelyn Madden (SDB) အနားယူပြီးနောက်ပိုင်းတွင် Msgr. Charles Bo, SDB (လက်ရှိရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘို) မှ သာသနာပြုလုပ်ငန်းတာဝန်များကို လွှဲပြောင်းခန့်အပ်ခြင်းခံခဲ့ရသည်။

#၂၀၀၀ခုနှစ် ဧဝံဂေလိတရားတော်မြတ်ပြန့်ပွားရေးလှုပ်ရှားမှုများ

၁၉၉၀ ခုနှစ် ဝန်းကျင်၌ယေဇူးခရစ်တော် ကြွလာတော်မူခြင်း အနှစ် ၂၀၀၀ ပြည့် အခမ်းအနား ပြုလုပ်ဆင်နွှဲရန်နှင့် မျိုးဆက်သစ် ဘာသာဝင်များအတွက် သာသနာပြုအသင်းဂိုဏ်းအသစ်များထပ်မံလိုအပ်နေမှုအပေါ် သိရှိသတိပြုမိစေရန် ပြင်ဆင်မှုများကိုအင်တိုက်အားတိုက် လုပ်ဆောင်နေခဲ့ကြသည်။

“တကမ္ဘာလုံးအတိုင်းအတာဖြင့် ဧဝံဂေလိတရားတော်မြတ် ပြန့်ပွားရေးလုပ်ဆောင်နေသောယခုကာလတွင် ကျွန်ုပ်တို့ အသင်းဂိုဏ်းသည်လည်းဧဝံဂေလိတရားတော်မြတ် ပြန့်ပွားရေးကိုသာ လုံးလုံးလျားလျားဦးတည်လုပ်ဆောင်ပါမည်။” Const. 1992/1

“ခရစ်တော်ကိုလုံးဝမသိသေးသူများ (သို့) ခရစ်တော်ကိုကောင်းစွာမသိသေးသူများစွာရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အများနည်းတူမထူးမခြားနား နှုတ်ဆိတ်၍မနေနိုင်ပါ။”

“ယုံကြည်သူမျိုးဆက်သစ်အယောက်စီတိုင်းအတွက် ယုံကြည်သူသာသနာပြုအသစ်များလိုအပ်သည်။”
(St. John Paul II – at Santiago de Compostela, Spain. Aug. 9 – 20, 1989)

(၂)စိန့်ပေါလ်သာသနာပြုအသင်းဂိုဏ်းတည်ထောင်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လှုံ့ဆော်မှုနှင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် လားရှိုးဂိုဏ်းအုပ်သာသနာ၏ ဆရာတော်ဖြစ်ခဲ့သူရဟန်းအမတ် ကာဒီနယ်ချားလ်စ်ဘိုသည် အမျိုးသား၊ အမျိုးသမီးဒွန်တွဲပါဝင်သော စိန့်ပေါလ် ဘရာသာရ်၊ စစ္စတာရ်များအသင်းဂိုဏ်းအမည်ရှိသောသာသနာပြု အဖွဲ့အစည်းကို ၁၉၉၀ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့တွင် စတင်မွေးဖွားပေးခဲ့သည်။ စတင်ဖွဲ့စည်းခဲ့ချိန်၌အမှန်တကယ် ဆင်းရဲကျပ်တည်းခဲ့ရသည်။ ထိုစဉ်ကကာဒီနယ်ချားလ်စ်ဘိုသည် လားရှိုးသာသနာဂိုဏ်းအုပ်ဆရာတော်အဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပြီးအမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦးတို့၏ ဆက်ကပ်မှုနဲ့အတူလားရှိုးမြို့ ရွှေနှလုံးတော်ကယ်သီဒြယ်၌စတင်ခဲ့သည်။

ကျွန်ုပ်တို့၏ Charismသည် “Ad Gentes” ဖြစ်ပြီးဧဝံဂေလိတရားတော်မြတ်ပြန့်ပွားရေးအား တိုက်ရိုက်သက်သေခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ Motto မှာ “I Thirst” ဖြစ်ပြီးရဟန်းများနှင့် အခြားသူတော်စင်များရောက်ရှိရန်ခက်ခဲသောနေရာဒေသများနှင့် အကူအညီအလိုအပ်ဆုံးသောသူများထံသို့ သီးစားပေး သွားရောက်သာသနာပြုရန်ဖြစ်သည်။

ဤအသင်းဂိုဏ်းအမည်ကိုရွေးချယ်ရခြင်းမှာရဟန္တာစိန့်ပေါလ်၏ ဘဝအသက်တာတွင်၊ ခရစ်တော် သခင်ကို အမြဲဗဟိုပြုထားသောကြောင့်ဖြစ်သည်။

“I no longer live, it is Christ who lives in me” (Gal. 2:20)

“Owe to me if I do not preach the Gospel” (1 Cor. 9:16)

“I can do everything in Christ” (Phil. 4:13)

အသင်းဂိုဏ်းစတင်တည်ထောင်ပြီးများမကြာမီမှာပင် သာသနာပြုလုပ်ငန်းများကျယ်ကျယ် ပြန့်ပြန့် ချဲ့ထွင်နိုင်ခဲ့ကာ လျင်မြန်စွာတိုးတက်လာအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အရည်အသွေးနှင့် အရေအတွက်ပိုင်းများမှာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် Msgr. Charles Bo သည် ပုပ်ရဟန်းမင်းကြီးနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် “nihilobstat” (ခေါ်) benevolent consent ခွင့်ပြုမိန့်တော်ကိုရရှိပြီး “Institute of Male and Clerical Consecrated Religious Life”, တရားဝင်အသိအမှတ်ပြု သံဃာတော်ဂိုဏ်းဝင်အသင်းဖြစ်လာခဲ့သည်။ ဤစိန့်ပေါလ်သာသနာပြုအသင်းဂိုဏ်းကို “Missionary Society of the Brothers of St. Paul” ဟုသိရှိလာခဲ့ကြသည်။

(၃) ကနဦးသာသနာပြုလုပ်ငန်း or ကနဦးလုပ်ဆောင်ချက်များ

လားရှိုးသာသနာသည် သာသနာပြုလုပ်ငန်းလုပ်ဆောင်ရန် သင့်လျော်သောနေရာဒေသတစ်ခုဖြစ်ပြီးအထူးသဖြင့် ‘ဝ’ နယ်မြေများတွင် ခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကိုစာငတ်နေသောဝိညာဉ် များစွာရှိနေခဲ့သည်။ ၎င်းဒေသသည် ပဋိပက္ခပေါ်များရာဒေသဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးခက်ခဲနေမှုသည်လည်းဒေသခံဘုန်းတော်ကြီးများနှင့် အခြားသောသူတော်စင်များ သွားရောက်နိုင်ရန် အဟန့်အတားများဖြစ်ပြီး၊ အနည်းငယ်သာသွားရောက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် စွန့်လွှတ်စွန့်စားနိုင်မည့် သာသနာပြုများလိုအပ်နေသည်ဖြစ်ရာ အသင်းဂိုဏ်းမှ ဘုန်းတော်ကြီး၊ ဘရာသာရ်၊ စစ္စတာရ်များ ၎င်းဒေသသို့ အရောက်သွားကြရသည်။ အသင်းဂိုဏ်းစတင်ပြီး (၅) နှစ်တာကာလအတွင်း၌ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်နိုင်ခြင်းကြောင့် အားရလောက်သောအသီးအပွင့်များရရှိခဲ့သည်။ ဤအခြေအနေအရပ်ရပ်ကိုထောက်ရှုဆင်ခြင်သုံးသပ်လျှက် ၂၀၁၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့စွဲပါ ထုတ်ပြန်ကြေငြာချက်ဖြင့် ဆရာတော်ချားလ်စ်ဘိုသည် အသင်းအဖွဲ့အစည်းအား သူတော်စင်ဂိုဏ်းများဖွဲ့စည်းတည်ထောင်ရာ၌ ဒုတိယအဆင့်ဖြစ်သော “Mixed Public Association” အဆင့်သို့တိုးချဲ့ဖွဲ့စည်းကာ သူတော်စင်အသင်းဂိုဏ်းအဆင့်သို့ တိုးမြှင့်ဖွဲ့စည်းပေးခဲ့သည်။

(၄) အသင်းဂိုဏ်းတည်ထောင်သူလားရှိုးမှ ပုသိမ်ဂိုဏ်းအုပ်သာသနာသို့ ပြောင်းရွှေ့ရခြင်း

၁၉၉၆ ခုနှစ်တွင် ဆရာတော်ချားလ်စ်ဘိုသည် လားရှိုးသာသနာမှ ပုသိမ်သာသနာသို့ ပြောင်းရွှေ့မည့်အကြောင်းဖန်လာသည့်အခါ၌ အလွန်နုနယ်နေသေးသည့် အသင်းဂိုဏ်းနှင့် ဂိုဏ်းသူ/သားများအတွက် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆရာတော်ကြီးသည် လားရှိုးသာသနာအတွက် ဆရာတော်အသစ်တစ်ပါးမရရှိမီ ၎င်းသာသနာနှင့်အတူဘရာသာရ်၊ စစ္စတာရ်များကို ကြည့်ရှု စောင့်ရှောက်စီမံပေးခဲ့ရသည်။ လားရှိုးသာသနာအတွက် ဆရာတော်တစ်ပါးခန့်အပ်ပြီးနောက် စိန့်ပေါလ်ဘရာသာရ်များ၏ အခြေအနေသည် အကျပ်အတည်းကာလသို့ရောက်ရှိလာခဲ့ရသည်။

မည်ကဲ့သို့သောအခက်အခဲများနှင့် စိန်ခေါ်မှုများကြုံရစေကာမူ ၎င်းအခက်အခဲများသည် ဘရာသာရ်များအတွက် ရင့်ကျက်လာရန်နှင့် တိုးတက်လာရန် အခွင့်အရေးအဖြစ် ပြောင်းလဲလာခဲ့သည်။ ထိုသို့အပြောင်းအလဲကာလလွန်ပြီးနောက် အသင်းဂိုဏ်းသည် ပုသိမ်မြို့ အစွန်အဖျားတနေရာဖြစ်သော မြတ်တိုဦ၌အခြေချနိုင်ခွင့်နှင့် ဘရာသာရ်များသည် ပုသိမ်သာသနာမှ အခြေပြုကာလားရှိုးသာသနာထိသာမက မြန်မာနိုင်ငံနေရာအနှံ့အပြား သာသနာလုပ်ငန်းများချဲ့ထွင်နိုင်ခဲ့သည်။

ထိုအချိန်၌ Fr. Thomas Kyan Ying ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာခြင်းသည် ပုသိမ်၌ဘရာသာရ်များ အခြေချနေထိုင်မှုကိုပိုမိုခိုင်မြဲစေခဲ့သည်။ လားရှိုးမြို့သားစိန့်ပေါလ်အသင်းဂိုဏ်း၏ ပထမဆုံးဘုန်းတော်ကြီးသည် ပုသိမ်သာသနာသို့ သူ၏ဘရာသာရ်များနှင့် ပူးပေါင်းရန် ရောက်ရှိလာယုံသက်သက်မဟုတ်ပဲ

ရှိထားပြီးသောဘရာသာရ်များနှင့် အသစ်ဝင်ရောက်လာသောသူများအတွက် တည်ကြည်သောခေါင်းဆောင်မှုနေရာကိုရယူပြီး ပြုစုပျိုးထောင်ရေးလုပ်ငန်းများကိုစတင်လုပ်ဆောင်ခဲ့သည်။

(၅)ပုသိမ်သာသနာ၌သာသနာပြုလုပ်ငန်းလုပ်ဆောင်ရာဒေသများနှင့်လေ့ကျင့်ပျိုးထောင်ခြင်း

လားရှိုးမှ ပြောင်းရွှေ့လာပြီးလအနည်းငယ်အကြာတွင် အသင်းဂိုဏ်းတည်ထောင်သူဖခင်သည် ထိုအချိန်၌ပုသိမ်ဂိုဏ်းအုပ်သာသနာ၏ တာဝန်ခံဆရာတော်လည်းဖြစ်သော ဆရာတော် ချားလ်စ်ဘိုမှ မြေနေရာတခုကို မြတ်တိုမိခင်ကျောင်းအဖြစ် ဘရာသာရ်များအခြေချနေထိုင်ရန် ပေးသနားခဲ့သည်။ ထိုအချိန်မှစ၍ မြတ်တိုမြေကို ဝင်လိုသူလူငယ်များ၊ ကိုရင်လောင်းများနှင့် စိန်ပေါလ်အသင်းဂိုဏ်းဝင် အားလုံးတို့ အတွက် သင်ကြားရေးဗဟိုဌာနအဖြစ် အသုံးပြုလာခဲ့သည်။ ပုသိမ်သာသနာအတွင်းအစောပိုင်းစတင် ဝင်ရောက်ခဲ့သောကျေးရွာအုပ်စုများမှာ -

- တောင်ချောင်းကျေးရွာအုပ်စု (၁၉၉၉)
- ငပုတောကျေးရွာအုပ်စု (၂၀၀၁)
- တောင်တက်ကြီး (၂၀၀၃)တို့ဖြစ်ကြသည်။

(၆)အသင်းဂိုဏ်းတည်ထောင်သူပုသိမ်သာသနာမှ ရန်ကုန်ဂိုဏ်းချုပ်သာသနာသို့ ပြောင်းရွှေ့ခြင်း

၂၀၀၃ ခုနှစ်တွင် အသင်းဂိုဏ်းတည်ထောင်သူဆရာတော်သည် ရန်ကုန်ဂိုဏ်းချုပ်သာသနာဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ရန် ပုသိမ်သာသနာမှ ပြောင်းရွှေ့ခြင်းခံရသည်။ သို့သော် ထိုအချိန်၌လေ့ကျင့်ပျိုးထောင်မှုနှင့် ဘရာသာရ်များ၏ သာသနာပြုလုပ်ငန်းများသည် ပုသိမ်သာသနာတွင် ကောင်းစွာအမြစ်တွယ်နေပြီးဖြစ်သည်။ တဆက်တည်းတွင်ပင် မန္တလေးသာသနာနှင့်မော်လမြိုင် သာသနာတို့တွင် သာသနာပြုရာနယ်မြေသစ်များအဖြစ် ရွှေဘို၊ မြိတ်နှင့် ပြည်ကြီးမဏ္ဍိုင်တို့ကို ၂၀၀၅ ခုနှစ်မှ စတင်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

(၇) ပထမအထွေထွေညီလာခံ

စိန့်ပေါလ်အသင်းဂိုဏ်းသည် ဘရာသာရ်များနှင့် စစ္စတာရ်များအားလုံးပါဝင်သောပထမအကြိမ် အထွေထွေညီလာခံကိုသန်လျင်မြို့၌ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့မှ (၂၉) ရက်နေ့အထိဆယ်ရက်တာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ အထွေထွေညီလာခံတွင် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းစဉ်များကို

ပြန်လည်သုံးသပ်ခြင်း၊ ဧဝံဂေလိတရားတော်ပျံ့ပွါးရေးကောင်စီဖွဲ့စည်းခြင်းနှင့် အသင်းဂိုဏ်း၏ ကောင်းမွန်သောကျင့်စဥ်နှင့် လုပ်ဆောင်ချက်များကို နက်နက်ရှိုင်းရှိုင်းပိုမိုနားလည်စေခဲ့သည်။
ညီလာခံအပြီး၂၀၀၇ ခုနှစ် နောက်ပိုင်းတွင် အောက်ပါနယ်မြေသစ်များ၌ တိုးချဲ့သာသနာပြုလျက်ရှိပါသည်။
- ဘုရားသုံးဆူ (မြန်မာ-ထိုင်းနယ်စပ်၊ ကရင်ပြည်နယ်)နှင့် ကြာအင်းဆိပ်ကြီးသာသနာ (၂၀၀၈)
- သမင်းသောင်ကျေးရွာ၊ ပြည်ဂိုဏ်းအုပ်သာသနာ (၂၀၁၁)
- ကဝဲကျေးရွာအုပ်စု၊ ပြည်ဂိုဏ်းအုပ်သာသနာ (၂၀၁၁)
- ဆော်လမွန်ကျွန်းစု၊ ဖိလစ်ပိုင်နိုင်ငံ (၂၀၁၁)
- ပြင်ဦးလွင် စိန်ပေါလ် လေ့ကျင့်ပျိုးထောင်ရေးကျောင်း (၂၀၁၂)

နေရာအတော်များများသည် မြို့ပြနှင့်ဝေးကွာလှပြီး ပဋိပက္ခများလွှမ်းမိုးသောနေရာဒေသများ ဖြစ်ကြသည်။ ဤအခြေအနေများကိုသိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်မှုများကိုကောင်းစွာ ပြုလုပ်ခဲ့သည့်အတွက် စိန့်ပေါလ် ဘုန်းတော်ကြီးများနှင့် ဘရာသာရ်များသည်သာသနာပြုခြင်းအားစိုက် ထုတ်မှု၏ရလဒ်ကောင်းများကိုရရှိရန် ဆောင်ရွက်နိုင်ခဲ့ကြသည်။

(၈) စိန်ပေါလ်သာသနာပြုအသင်းဂိုဏ်း၏ ၂၅ နှစ်ပြည့် နှစ်ပတ်လည်

စိန်ပေါလ်သာသနာပြုအသင်းဂိုဏ်းသည် ၂၀၁၅ ခုနှစ်တွင် ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီးငွေစင် ဂျူဗလီခံခဲ့ပါသည်။ စိန့်ပေါလ် ဘုန်းတော်ကြီးများ၊ ဘရာသာရ်များနှင့် စစ္စတာရ်များသည် နှစ်သုတ်ခွဲ၍ဂျူဗလီ ၂၅ နှစ် အထိမ်းအမှတ်အဖြစ် သုံးလတာထပ်ဆင့်မွန်းမံသင်တန်းများကိုပြုလုပ်ခဲ့သည်။ ပထမအသုတ် မွန်းမံသင်တန်းကို သန်လျင်မြို့ရှိ စိန့်ပေါလ်သီလရှင်များအသင်းချုပ်တွင် ပြုလုပ်ခဲ့ပြီး၊ ဒုတိယအသုတ်ကိုပုသိမ်မြို့ရှိစိန့်ပေါလ် ဘုန်းတော်ကြီးများနှင့် ဘရာသာရ်များ၏မြတ်တိုဗဟိုဌာနတွင် ပြုလုပ်နိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် တနှစ်ထဲမှာပင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်မှ St. Irenaeus at Centocelle နာမဖြင့် Archbishop Charles Bo အား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်တွင် ရဟန်းအမတ် ကာဒီနယ်အဆင့်သို့ ခန့်အပ်ကြောင်း ကြေငြာခဲ့သည်။ ထိုအချိန်မှစ၍ အသင်းဂိုဏ်းဝင်အားလုံးတို့သည် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြော်လွှားရန် စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးပိုင်းဆိုင်ရာတို့တွင် ပိုမိုစိတ်အားထက်သန် တက်ကြွလာခဲ့ကြသည်။

၂၀၁၅ ခုနှစ်မှစ၍အသစ်ဖွင့်လှစ်ခဲ့သောနယ်မြေသစ်များမှာ -
- ရန်ကုန်ဂိုဏ်းချုပ်သာသနာဆရာတော်ကျောင်း (၂၀၁၅)
- ကြက်ဖြူရွာသစ် အုပ်စု၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာ (၂၀၁၆)

- မကြီးကွင်းသာသနာ၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာ (၂၀၁၆) နှင့်
- သန်လျင်သာသနာ၊ ရန်ကုန်ဂိုဏ်းချုပ်သာသနာ (၂၀၁၆) တို့ ဖြစ်ကြပါသည်။

(၉) စိန့်ပေါလ်အသင်းဂိုဏ်းသို့ ဝင်လိုသူလေ့ကျင့်ပျိုးထောင်ရေးကျောင်း ပြောင်းရွှေ့ခြင်း

စိန့်ပေါလ်အသင်းဂိုဏ်းဝင် ရဟန်းများနှင့် ဘရာသာရ်များသည် ဝင်လိုသူ လေ့ကျင့်ပျိုးထောင်ရေးကျောင်းကို မြတ်တိုစင်တာ တခုတည်းတွင်ထားရှိမည့်အစား အခြားတနေရာတွင် သီးသန့်ထားရှိရန် ဆန္ဒရှိကြသည်။ ၂၀၁၅ ခုနှစ်တွင် အသင်းဂိုဏ်းတည်ထောင်သူ အဖကာဒီနယ်မှ ပြင်ဦးလွင်မြို့ ရေချမ်းဦး၌ရှိ တစ်ဧကရှိသော မြေကွက်တကွက်အား ဝင်လိုသူ ဘရာသာရ်များလေ့ကျင့် ပျိုးထောင်ရေးကျောင်း ဆောက်လုပ်ရန် ပေးအပ်ခဲ့သည်။ ထိုကျောင်းအား ၂၀၁၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် အောင်မြင်စွာ အပြီးသပ်ဆောက်လုပ်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ဝင်လိုသူလေ့ကျင့်ပျိုးထောင်ရေးကျောင်းကို ပြင်ဦးလွင်မြို့၌ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

(၁၀) နိဂုံး

နှုတ်အားဖြင့်သာဟောကြားခြင်းမဟုတ်ဘဲ ဧဝံဂေလိတရားတော်ကိုအကန့်အသက်မရှိတိုက်ရိုက် သက်သေခံခြင်းဖြစ်သည်။ သာသနာပြုခြင်းလုပ်ငန်းသည် ကျွန်ုပ်တို့အသင်းဂိုဏ်း၏ အမှတ်လက္ခဏာလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးတို့သည် ဧဝံဂေလိတရားတော် ပြန့်ပွားရေး၌တနည်းတဖုံပါဝင် ပက်သက်နေကြပါသည်။ ရောက်ရှိရာဒေသတိုင်း၌ဧဝံဂေလိတရားတော် ပြန့်ပွားရေးနှင့် တိုက်ရိုက်ပက်သက်နေသော ဒေသခံသာသနာအကြီးအကဲ (သို့မဟုတ်) တာဝန်ခံများနှင့် အနီးကပ် လက်တွဲ၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ဝေးလံခေါင်ဖျားသောအရပ်ဒေသများ၌မည်သို့ပင် နေထိုင်စရာဆင်းရဲခြင်း၊ ငွေကြေးအခက်အခဲများရှိစေကာမူ ကျွန်ုပ်တို့၏ ပင်ကိုယ်အရည်အသွေး၊ အတတ်ပညာနှင့် တတ်ကျွမ်းမှုများကိုအစွမ်းကုန် အကောင်းဆုံးအသုံးချပြီး အလှမ်းဝေးကွာလှသောဒေသများမှ လူသားများအားရတနာ့စိန့်ပေါလ်၏ စိတ်ဓါတ်ဖြင့် ကူညီသွားရန်ဖြစ်သည်။

စိန့်ပေါလ်ဘရာသာရ်အများစုသည် နေရာအတော်များများ၌ဘော်ဒါကျောင်းများကိုကွပ်ကဲအုပ်ချုပ်ကြရသည်။ ထိုကျောင်းများတွင် ကျောင်းသားအများစုသည် ခရစ်ယာန်အယူဝါဒနှင့် ကက်သလစ်သွန်သင်ချက်များကိုမသိ၊ နားမလည်၊ မကြားဖူးသောများဖြစ်ကြသည်။ ကောင်းမွန်သောပညာရေးနှင့် ကိုယ်ကျင့်တရားများကို သွန်သင်ပေးခြင်းအားဖြင့် ခရစ်တော်တည်ရှိခြင်းအကြောင်းနှင့် ခရစ်တော်၏ ချစ်ခြင်းမေတ္တာအကြောင်းကို ထိုသူများသိရှိလာစေရန် နိုင်ငံတဖက်စွန်း၏အဆုံးထိရောက်ရှိပို့ဆောင်ပေးလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏

ရည်မှန်းချက် ဖြစ်သောခရစ်တော်ကိုလူသားများထံပို့ဆောင်ပေးခြင်းနှင့် လူသားများကိုခရစ်တော်ထံသို့ ပို့ဆောင်ပေးခြင်းဖြင့် အသင်းတော်၏ သာသနာပြုလုပ်ငန်းတွင် အတူပါဝင်ရန်နှင့် ဝေမျှပေးရန်တို့ ဖြစ်သည်။

#သာသနာပြုစိန့်ပေါလ်ရဟန်းတော်များ၊ဘရာသာရ်များ